မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June 19, 2025 — Volume 91, Number 14

၁၉.၆.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၀၇.၁၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၀.၂၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၅.၇၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၈.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၀၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၂၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၂.၅၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၉၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## မင်းဘူးခရိုင်အတွင်း လျှပ်စစ်နှင့်ဆိုလာဓာတ်အားပေးစနစ် ရေတင်စီမံကိန်းများဖြင့် မိုးစပါးစိုက်ပျိုးသွားမည်



မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်အတွင်းရှိသီးနှံစိုက်စွမ်းအားနှင့် သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးတို့အတွက်လျှပ်စစ်နှင့်ဆိုလာဓာတ်အားစနစ်သုံးစီမံကိန်းတို့မှမိုးစပါး ဧကပေါင်း ၃၉၀၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းမြစ်)က သိရသည်။

မူလတွင်ဆည်ရေသောက်ဧရိယာနှင့်မိုးကောင်းသောက်ဧရိယာများ၊ အစိုးရဆည်တမံများ၊ လျှပ်စစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေစုပ်တင်ခြင်းများ၊ မိုးကောင်းသောက်စနစ်များစသော ရေရရှိရေးနည်းလမ်းများဖြင့် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် လျှပ်စစ်ရေတင်စီမံကိန်းနှင့် ဆိုလာဓာတ်အားပေးစနစ်ရေတင်ခြင်းများဖြင့် မိုးစပါးများစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ၂၀၂၅ ခုနှစ် စပါးစိုက်ပျိုးရာသီတွင် မိုးစပါးကို ဧကပေါင်း ၃,၉၀၉ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ပြီး၊ ယခုနှစ် ဇွန်လ ၂၂ ရက်မှစတင်၍ ရေပေးဝေစိုက်ပျိုးသွားမည်ဖြစ်ကာ တညောင်လျှပ်စစ်ရေတင်စီမံကိန်းမှ ၁၉၈၁ ဧက၊ ရေပုတ်ကလေး ဆိုလာဓာတ်အားပေးစနစ် စီမံကိန်းမှ ၁၀၀ ဧက၊ ကျောင်းကုန်းကြီးဆိုလာဓာတ်အားပေးစနစ် စီမံကိန်းမှ ၂၄၀ ဧက၊ ရွာသာကြီး ဆိုလာဓာတ်အားပေးစနစ် စီမံကိန်းမှ ၅၀၀ ဧက၊ ဘုရားကုန်း ဆိုလာဓာတ်အားပေးစနစ် စီမံကိန်းမှ ၈၂ ဧက၊ အောင်ပင်လယ် လျှပ်စစ်စီမံကိန်းမှ ၇၈ ဧက၊ ကျောက်စံလျှပ်စစ်နှင့်ဆိုလာဓာတ်အားစနစ် စီမံကိန်းမှ ၅၂၅ ဧက၊ ကမ်းနီဆိုလာဓာတ်အားပေး စနစ် ရေတင်စီမံကိန်းမှ ၄၀၃ ဧက စုစုပေါင်း ၃၉၀၉

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ကေအား လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source: popular News Journal**

## ဒေသထုတ်ကုန် ပန်းပဲ(ဓား) လုပ်ငန်းများ အရောင်းအဝယ်ဖြစ်လျက်ရှိ



ပျော်ဘွယ်မြို့နယ် မင်းလမ်း(တောင်) ကျေးရွာတွင် တောင်သူလုပ်ငန်းများအပြင် မိသားစုအပိုဝင်ငွေရရှိစေရန် ပန်းပဲလုပ်ငန်းကို လုပ်ကိုင်ကြသည်။

သွင်းကုန်အစားထိုး ဒေသထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ကျေးရွာနေပြည်သူများလည်း အလုပ်အကိုင်အခွင့်လမ်းများစွာ ရရှိလာကြောင်း သိရသည်။

မင်းလမ်း(တောင်)ကျေးရွာတွင် ပန်းပဲလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး ခန့်ရှိပြီး ဓားအမျိုးမျိုးနှင့်တောင်သူသုံးပစ္စည်းများ ထုတ်လုပ်ရောင်းချကြကြောင်း၊ ပန်းပဲလုပ်ငန်းအတွက်လိုအပ်သောကုန်ကြမ်း(သံ၊ ဝါး၊ မီးသွေး၊ သံပိုက်) တို့ကို ရန်ကုန်၊ မန္တလေး၊ ပဲခူးမြို့ကြီးများမှဝယ်ယူရကြောင်း၊ လုပ်ငန်းရှင်တစ်ဦးလျှင် အကြမ်း လုပ်သား ၇ ဦး၊ အချောကိုင် လုပ်သား ၅ ဦး စုစုပေါင်း ၁၂ ဦးဖြင့် ထုတ်လုပ်လျက်ရှိကြောင်း၊ ဓားမ(အသေး) ၈၀၀၀ကျပ်၊ အလတ် ၁၂,၀၀၀ကျပ်၊ အကြီး ၁၅,၀၀၀ကျပ်၊ သစ်ဖျဉ်းဓားမ ၃၅,၀၀၀ကျပ်၊ ဓားရှည်၁၀,၀၀၀ကျပ်၊ ကိုင်းဓား ၁၂,၀၀၀ ကျပ်၊ လက်ကိုင်ဓား ၁၈,၀၀၀ ကျပ်၊ အသားခုတ်ဓား၈၀၀၀ကျပ်၊ ငှက်ကြီးတောင်ဓား ၃၅,၀၀၀- ၃၅၀,၀၀၀ ကျပ်၊ ဂျပန်ကင်ဒို ၃၀၀,၀၀၀-၇၀၀,၀၀၀ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိ ကြောင်း၊ တစ်လလျှင် ဓားအမျိုးအစား ၃ - ၄ မျိုး ထုတ်လုပ်ကြပြီး ဓားအချောင်းရေ ၁၅၀-၂၀၀ ထိ ထုတ်လုပ်နိုင်ကြောင်း ၊ ယခု စိုက်ပျိုးရာသီချိန်တွင်ပို၍ အရောင်းသွက်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့်ဒေသတွင်းအပြင် နေပြည်တော်၊ မန္တလေး၊ တောင်ကြီး ၊ တောင်ငူ၊ မြို့လှ၊ လားရှိုး ၊ထားဝယ်မြို့များထိ တင်ပို့ရောင်းချလျက်ရှိကြောင်း ပန်းပဲလုပ်ငန်းရှင်တစ်ဦးထံက သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၌ ကီလိုမာလကာသီးကို စီးပွားဖြစ်စိုက်ပျိုး



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီမရွေးစိုက်ပျိုးလျက်ရှိရာ ဈေးကွက်ဝယ်လိုအားကောင်းသည့် ဥယျာဉ်ခြံမြေသီးနှံတစ်မျိုးဖြစ်သော မာလကာသီးများကိုလည်း မိသားစု အပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

အစိုခံတတ်ကောင်းမွန်သည့် မိုးဦးကျကာလများတွင် ယာမြေများ၌ မာလကာကိုင်းကူးမျိုးများကို စိုက်ပျိုးကြကြောင်း၊ ကီလိုမာလကာမျိုးများကို ပင်ခြားတန်းခြား ၁၅-၁၆ ပေအကွာဖြင့် တစ်ဧကလျှင် ကီလိုမာလကာပင် ၃၅၀ ခန့် ဝင်ဆံ့စိုက်ပျိုး နိုင်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၅၅ သိန်းခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး နှစ်နှစ်ခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချနိုင်ပြီး နွေရာသီတွင် ရေလောင်း၊ ရေသွင်းခြင်းဖြင့် အပင်များကို ပြုစုပေးပါက ကီလိုမာလကာသီးများကို တစ်နှစ်ပတ်လုံး ခူးဆွတ်ရရှိနိုင်ကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ တစ်နှစ်လျှင် ကီလိုမာလကာ တစ်ပင်လျှင်

ပျမ်းမျှအလုံးရေ ၁၅၀ - ၂၀၀ ခန့်ထွက်ရှိရာ တစ်ဧကပျမ်းမျှ အလုံး ရေ ၅၂,၅၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိဈေးများနှင့် ရွှေသိမ်တော်ဘုရားရှိ သစ်သီးဆိုင်များ သို့ တင်ပို့ရောင်းချကြကာ အကျိုးအမြတ်များ ရရှိလျက်ရှိကြောင်း ကီလိုမာလကာသီးစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source:DOCA(မန္တလေး)**

https://myantrade.gov.mm/news

## မုံရွာမြို့ ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်အပတ်နှင့် ယခုအပတ် နှိုင်းယှဉ်မှုအခြေအနေ



ဖွန်လ တတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည့် လယ်ယာထွက်ကုန်သီးနှံများဖြစ်သော မတ်ပဲ၊ ပဲယင်းဝါ၊ ပြောင်းနီ၊ ပြောင်းဖူးစေ့၊ ကုဖြူလုံးသေးဈေးငြိမ်၍ ပဲကြီးဈေးကျဆင်းနေပြီး ဂျုံဖြူသန့်၊ ဂျုံထွက်တိုး၊ ကုဖြူလုံးကြီး၊ ပဲစင်းငုံ၊ ကုလားပဲထိုင်ဝမ်၊ ကုလားပဲ 929 နှင့် ပဲတီစိမ်းကြီးဈေးနှုန်းများ မြင့်တက်နေကြောင်းသိရသည်။

ယခုအပတ်အတွင်း သီးနှံတစ်တင်း ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် ၇၈,၀၀၀ကျပ်၊ ဂျုံအထွက်တိုး ၆၆,၅၀၀ကျပ်၊ ပဲကြီး ၁၀၉,၀၀၀ ကျပ်၊ ပဲစင်းငုံ ၈၅,၅၀၀ ကျပ်၊ မတ်ပဲ ၈၅,၀၀၀-၁၀၀,၀၀၀ ကျပ်၊ ပဲတီစိမ်းကြီး ၇၀,၀၀၀-၁၁၅,၀၀၀ ကျပ်၊ ပဲယင်းဝါ ၇၆,၀၀၀ ကျပ်၊ ပဲပုပ်စေ့ ၁၄၆,၀၀၀ ကျပ်၊ ပြောင်းနီ ၂၈,၀၀၀ ကျပ်၊ ပြောင်းဖူးစေ့ ၃၀,၇၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး ၈၆,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး ၈၆,၀၀၀ ကျပ်၊ ကုလားပဲ 929 ၈၅,၀၀၀ ကျပ်၊ ကုလားပဲ ထိုင်ဝမ် ၈၃,၀၀၀ ကျပ်ပေါက်ဈေးရှိကြောင်းသိရသည်။

ယခင်အပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် ၇၅,၀၀၀ကျပ်၊ ဂျုံအထွက်တိုး ၆၅,၀၀၀ကျပ်၊ ပဲကြီး ၁၁၀,၀၀၀ ကျပ်၊ ပဲစင်းငုံ ၈၃,၅၀၀ ကျပ်၊ မတ်ပဲ ၈၅,၀၀၀-၁၀၀,၀၀၀ ကျပ်၊ ပဲတီစိမ်းကြီး ၇၀,၀၀၀-၁၁၀,၀၀၀ ကျပ်၊ ပဲယင်းဝါ ၇၆,၀၀၀ကျပ်၊ ပြောင်းနီ ၂၈,၀၀၀ ကျပ်၊ ပြောင်းဖူးစေ့ ၃၀,၇၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး ၈၅,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး ၈၆,၀၀၀ ကျပ်၊ ကုလားပဲ 929 ၈၃,၅၀၀ ကျပ်၊ ကုလားပဲ ထိုင်ဝမ် ၈၂,၀၀၀ ကျပ်ပေါက်ဈေးရှိ၍ ကာလတူနှိုင်းယှဉ်ပါက ဂျုံဖြူသန့် ၃၀၀၀ ကျပ်၊ ဂျုံအထွက်တိုး တစ်တင်းလျှင် ၁၅၀၀ကျပ်၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် ၅၀၀၀ကျပ်၊ ပဲစင်းငုံတစ်တင်းလျှင် ၂၀၀၀ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ၁၀၀၀ကျပ်၊ ကုလားပဲ 929 တစ်တင်းလျှင် ၁၅၀၀ကျပ်၊ ကုလားပဲ ထိုင်ဝမ် ၁၀၀၀ ကျပ်နှုန်းမြင့်တက်နေပြီး ပဲကြီးတစ်တင်းလျှင် ၁၀၀၀ ကျပ်နှုန်း ကျဆင်းနေကြောင်းသိရသည်။

**Source :** https://myantrade.gov.mm/news

## လက်ကျန်နည်းပြီး ဝယ်လိုအားများလာသည့်အတွက် ပြောင်းဈေးတက်လာ



ဖွန်လတတိယပတ်တွင် မန္တလေးကုန်စည်ဒိုင်ဈေးကွက်၌ ပြောင်းလက်ကျန်နည်းနေပြီး ဝယ်လိုအားများလာသည့်အတွက် ပြောင်းဈေးမြင့်တက်လာကြောင်း၊ အစာစက်ရုံများမှလည်း ပုံမှန်ဝယ်ယူရှိနေကြောင်း သိရသည်။

ပြောင်းဖူးစေ့(ဗမာ) ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၈၆,၀၀၀မှ ၈၇,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၈၄,၀၀၀ မှ ၈၅,၀၀၀၊ ယခင်လ ကျပ် ၈၁,၀၀၀ မှ ၈၂,၀၀၀ ဖြစ်သည်။

ယခင်တစ်ပတ်ထက် ၂၀၀၀ ကျပ်၊ ယခင်လထက် ၅၀၀၀ ကျပ်ခန့်မြင့်တက်လာသည်။ပြောင်းဖူးစေ့(စီပီ) ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၈၉,၀၀၀မှ ၉၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၈၇,၀၀၀ မှ ၈၈,၀၀၀၊ ယခင်လ ကျပ် ၈၃,၀၀၀ မှ ၈၄,၀၀၀ဖြစ်သည်။

ယခင်တစ်ပတ်ထက် ၂၀၀၀ ကျပ်၊ ယခင်လထက် ၆၀၀၀ ကျပ် မြင့်တက်လာသည်။ ပြောင်းဖူးစေ့(ရှမ်း) ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၈၉,၀၀၀ မှ ၉၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၈၆,၀၀၀ မှ ၈၇,၀၀၀၊ ယခင်လ ကျပ် ၈၄,၅၀၀ မှ ၈၅,၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၃၀၀၀ ကျပ်၊ ယခင်ထက် ကျပ် ၄၅၀၀ မှ ၅၀၀၀ ခန့်မြင့်တက်လာသည်။

**Source :** https://myantrade.gov.mm/news

## ကုန်စည်သယ်ယူပို့ဆောင်ခများ ၃၀ ရာခိုင်နှုန်းခန့် မြင့်တက်လာ



ရန်ကုန်ကနေ အနယ်နယ်အရပ်ရပ်ကို ကုန်စည်တွေ သယ်ယူပို့ဆောင်ရာမှာ သယ်ယူပို့ဆောင်စရိတ်တွေက အရင်ကထက် ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းလောက်အထိ မြင့်တက်လာတယ်လို့ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ရှင်များ အသင်းကနေ သိရပါတယ်။

ကုန်စည်သယ်ယူပို့ဆောင်ရာမှာ အထွေထွေအခွန်အခတွေများလာတာကြောင့်အပြင် ရန်ကုန်ကိုပို့တဲ့ ဒေသထွက်ကုန်တွေကနည်းတာနဲ့ရန်ကုန်မှာကုန်ကားရှားလို့ ကားခတွေတက်လာတာကြောင့်ဖြစ်တယ်လို့ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျင်သိန်းက ပြောပါတယ်။

ရန်ကုန်ကနေ လူသုံးကုန်မျိုးစုံ၊ မီးဖိုချောင်သုံးပစ္စည်း၊ မုန့်မျိုးစုံ၊ စာရေးကိရိယာမျိုးစုံစတဲ့ကုန်တွေကို အမည်စုံရောတင်ရင် လမ်းခရီးတစ်လျှောက် အခက်အခဲမျိုးစုံရှိတာကြောင့်မတင်ချင်ကြဘဲ ကုန်ပစ္စည်းအမည်တစ်မျိုးတည်းကိုသာ အများစုက သယ်ယူပို့ဆောင်ချင်ကြတယ်လို့ သိရပါတယ်။

ဒီအခြေအနေက ကုန်စည်စီးဆင်းမှုမှာ အခက်အခဲတစ်ခုဖြစ်တာကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ သေချာစိစစ်ကြပ်မတ်ပြီး ဖြေလျှော့ပေးစေချင်တယ်လို့ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်တချို့က ဆိုပါတယ်။

မြန်မာနိုင်ငံအဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှာ ကုန်စည်စီးဆင်းမှုသတင်းပို့စနစ်နဲ့ နေ့စဉ် ရန်ကုန်ကနေ အနယ်နယ်အရပ်ရပ်ကို ကုန်စည်သယ်ယူပို့ဆောင်နေတဲ့ ကုန်တင်ယာဉ် ၄၅၀ လောက်ရှိပြီး နယ်ဒေသအသီးသီးကနေ ရန်ကုန်ကိုဝင်တဲ့ကားတွေကတော့ သတင်းပေးပို့တာမျိုးမရှိဘူးလို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## အိန္ဒိယတွင် ဆန်သိုလှောင်မှုများ စံချိန်တင်မြင့်တက်လာသကဲ့သို့ ဂျုံသိုလှောင်မှုလည်းတိုးလာသဖြင့် ဂိုဒေါင်များ ပြည့်လျှံနေ

အိန္ဒိယ၏ အစိုးရဂိုဒေါင်များတွင် ဆန်သိုလှောင်မှုမှာ လွန်ခဲ့သည့်နှစ်မှစတင်၍ ဇွန်လအထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ၁၈ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်း၊ ဂျုံသိုလှောင်မှုမှာလည်း လယ်သမားများထံမှ ပိုမိုဝယ်ယူမှုများကြောင့် လေးနှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း တရားဝင်အချက်အလက်များက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြခဲ့သည်။

စံချိန်တင်ဆန်သိုလှောင်ထားရှိမှုသည် ကမ္ဘာ့အကြီးဆုံးဆန်တင်ပို့သူဖြစ်သည့် အိန္ဒိယနိုင်ငံအား တင်ပို့ရောင်းချမှုကို တိုးမြှင့်ပေးမည်ဖြစ်ပြီး ဂျုံလက်ကျန်စာရင်းတိုးတက်လာခြင်းသည် အိန္ဒိယအစိုးရအား ဈေးကွက်အတွင်းရောင်းချမှုတိုးလာခြင်းဖြင့် ယခုနှစ်နှောင်းပိုင်းတွင် ဈေးနှုန်းတက်ခြင်းများကို ထိန်းနိုင်စေရန် ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

ဇွန်လ ၁ ရက်နေ့အထိစာရင်းများအရ ကြိတ်ခွဲခြင်းမပြုရသေးသောစပါးများအပါအဝင် နိုင်ငံတော်အရန်ဆန်မှာ စံချိန်တင်မြင့်မားခဲ့ပြီး မက်ထရစ်တန် ၅၉ ဒသမ ၅ သန်းရှိကြောင်း၊ ဇူလိုင် ၁ ရက်အတွက် အစိုးရ၏လျာထားချက် တန်ချိန် ၁၃ ဒသမ ၅ သန်းထက်များ စွာကျော်လွန်လျက်ရှိကြောင်း သိရသည်။

ဇွန်လ ၁ ရက်နေ့တွင် ဂျုံလက်ကျန်တန်ချိန် ၃၆ ဒသမ ၉ သ န်းရှိပြီး အစိုးရ၏ လျာထားချက် တန်ချိန် ၂၇ ဒသမ ၆ သန်း ထက်ကျော်လွန်လျက်ရှိကြောင်း ကိန်းဂဏန်းများအရ သိရသည်။

နယူးဒေလီအခြေစိုက် ဆန်ကုန်သည်တစ်ဦးက ဆန်သိုလှောင်မှုမှာ အလွန်အမင်းများပါကြောင်း၊ နောက်ရာသီအတွက် ဆန် ဝယ်ယူသိုလှောင်မှုအစီအစဉ်များသည် အောက်တိုဘာလတွင် ပြန်လည်စတင်မည်ဖြစ်သဖြင့် အစိုးရကယခုသိုလှောင်ထားရှိမှုကို လျှော့ချရန် လိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားသည့် အိန္ဒိယသည် ၂၀၂၂ ခုနှစ်တွင် စတင်ချမှတ်ခဲ့သည့် ဆန်ဖြူ တင်ပို့မှုကန့်သတ်ချက်များကို ၂၀၂၅ ခုနှစ်၊ မတ်လတွင် ဖယ်ရှားခဲ့သည်။

မွန်ဘိုင်းမြို့အခြေစိုက် ကုန်သည်တစ်ဦးက ဂျုံများပိုမိုဝယ်ယူထားသောကြောင့် လက်ကျန်သိုလှောင်မှုများစွာရှိနေခြင်းသည် အစိုးရအတွက် သက်တောင့်သက်သာအနေအထားကို ရရှိစေကြောင်း၊ အဓိကအားဖြင့် အစိုးရသည် ဈေးကွက်အတွင်း ဂျုံရှားပါး သည့်အချိန်တွင် စားသုံးသူများထံ ဂျုံပိုမိုရောင်းချနိုင်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစိုးရသည် ယခုအချိန်အထိ လယ်သမားများထံမှ ဂျုံတန်ချိန် သန်း ၃၀ ကို ဝယ်ယူထားပြီးဖြစ်ပါကြောင်း၊ ယင်းသည် လေး နှစ်အတွင်း အများဆုံးဖြစ်ကြောင်း အိန္ဒိယအစားအစာကော်ပိုရေးရှင်း(Food Corporation of India (FCI))မှ ပြုစုထားသော အချက်အလက်များအရ သိရသည်။

လွန်ခဲ့သည့်သုံးနှစ်အတွင်း ဂျုံထွက်ရှိမှုနည်းပါးခြင်းကြောင့် FCI မှဝယ်ယူမှုနည်းပါးခဲ့ပြီး ဂျုံဈေးနှုန်းကိုမြင့်တက်စေခဲ့ ကြောင်း နှင့် အိန္ဒိယသည် ၇ နှစ်အတွင်း ပထမဆုံးအကြိမ် ဂျုံတင်သွင်းရန် တွန်းအားပေးမှုများမြင့်တက်ခဲ့ကြောင်း သိရသည်။

သို့သော် ယခုနှစ်တွင် ဂျုံသိုလှောင်မှုများမြင့်တက်လာခြင်းကြောင့် နိုင်ငံသည် ပြည်ပမှ တင်သွင်းခြင်းမပြုဘဲ ပြည်တွင်း ဝယ်လိုအားကို ဖြည့်ဆည်းပေးသင့်ကြောင်း ပြောကြားလျက်ရှိပါသည်။

**Source: India's granaries overflow as rice stocks hit record, wheat sugers, The Economic Times, 11 June, 2025.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/news

## အိန္ဒိယအစိုးရက ဇဟိုဈေးနှုန်းပံ့ပိုးမှုအစီအစဉ်အရ ပဲတီစိမ်း ၅၄,၁၆၆ တန်နှင့် မြေပဲ ၅၀,၇၅၀ တန် ဝယ်ယူမည်ဟု အတည်ပြု

အိန္ဒိယအစိုးရက ဟာရီနာ၊ ဂူဂျာရတ်နှင့် ဥတ္တာပရာဒေ့ရှ်ပြည်နယ်တို့မှ ပဲတီစိမ်း ၅၄,၁၆၆ တန်ကိုလည်းကောင်း၊ မြေပဲ ၅၀,၅၇၉ တန်ကို ဥတ္တာပရာဒေ့ရှ်ပြည်နယ်မှလည်းကောင်း အနိမ့်ဆုံးပံ့ပိုးပေးသည့် ဈေးနှုန်း(MSP)ဖြင့်ဝယ်ယူရန် အတည်ပြုခဲ့ ကြောင်း သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် နွေရာသီသီးနှံများဝယ်ယူရေးအား ဗဟိုဈေးနှုန်းပံ့ပိုးမှုအစီအစဉ် (PSS)အရ ဆောင်ရွက်မည်ဖြစ်ပါ ကြောင်း၊ ယင်းသည်သီးနှံများ၏ဈေးကွက်ပေါက်ဈေးမှာအနိမ့်ဆုံးပံ့ပိုးပေးသည့်ဈေးနှုန်း(MSP)အောက်ကျဆင်းသွားသောအခါတွင် စတင်အသုံးပြုနိုင်ကြောင်း သိရသည်။

စိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan က လယ်သမားများ၏အကျိုးစီးပွားကိုကာကွယ်ရန် PSS အစီအစဉ်အောက် ရှိသီးနှံများဝယ်ယူရန် အဆိုပြုချက်ကို အတည်ပြုခဲ့ကြောင်း၊ ဝန်ကြီးသည် အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ဇွန် ၂၆ ရက် အထိ ဝယ်ယူရေးကာလကို ၁၅ ရက်သက်တမ်းတိုးရန်လည်း အတည်ပြုခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲနီလေးများ၏ထုတ်လုပ်မှု ၁၀၀ ရာခိုင်နှုန်းကို PSS အစီအစဉ်အောက်တွင် အစိုးရ ကဝယ်ယူမည်ဟုလယ်သမားများအား လှုံ့ဆော်ပေးခြင်းဖြင့် ပြည်တွင်းပဲထုတ်လုပ်မှုကို မြှင့်တင်ရန်နှင့်သွင်းကုန်မှီခိုမှုကို လျှော့ချ ရန် အစိုးရက ခွင့်ပြုထားကြောင်းနှင့် ဤအစီအစဉ်ကို ၂၀၂၈-၂၀၂၉ ခုနှစ်အထိ နောက်ထပ်လေးနှစ်သက်တမ်းတိုးထားကြောင်း သိရသည်။

PSS အစီအစဉ်အောက်ရှိ ဝယ်ယူမှုများကို ဗဟိုအစိုးရအေဂျင်စီများဖြစ်သည့် National Agricultural Cooperative Marketing Federation of India(Nafed)နှင့် National Cooperative Consumers' Federation of India(NCCF)တို့မှ ဆောင်ရွက်ကြောင်း သိရသည်။

**Source: Govt approves procurement of 54,166 tonnes moong, 50750 tonnes groundnut under PSS, The Economic Times, 12 June, 2025.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/news

## စားနပ်ရိက္ခာဖူလုံမှုမြှင့်တင်ရန် အင်ဒိုနီးရှားသည် နွားတင်သွင်းမှုခွဲတမ်းကို ရုပ်သိမ်းလိုက်



အင်ဒိုနီးရှားနိုင်ငံသည် စားနပ်ရိက္ခာဖူလုံမှု အားကောင်းစေရန်အတွက် တိရစ္ဆာန်အရှင်များ တင်သွင်းခွင့်ခွဲတမ်းကို ဇွန် ၁၅ ရက်၌ ရုပ်သိမ်းလိုက်ကြောင်း ဝန်ကြီးတစ်ဦးက ဇွန်လ ၁၅ ရက်နေ့တွင် ကြေညာခဲ့သည်။

စားနပ်ရိက္ခာရေးရာညှိနှိုင်းရေးဝန်ကြီး Zulkifli Hasan က အစိုးရသည် အများသူငှာစားသုံးရန် နို့နှင့်အသားများရရှိနိုင်စေရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

မူဝါဒသည် ထုတ်လုပ်မှုတိုးမြှင့်ခြင်းနှင့် ထုတ်ကုန်အရည်အသွေးမြှင့်တင်ပေးခြင်းဖြင့် ပြည်တွင်းနို့ထွက်ပစ္စည်း ပြုပြင်ခြင်းလုပ်ငန်း တိုးတက်မှုကို အထောက်အကူဖြစ်စေရန်လည်း မျှော်လင့်ထားသည်။

ခွဲတမ်းချထားခြင်းလည်းမရှိကြောင်း၊ အဆီချခြင်း၊ နို့ထွက်ခြင်း၊ ကျွဲနွားအရှင်များ တင်သွင်းခြင်းသည် အခမဲ့ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အစောပိုင်းက စိုက်ပျိုးရေးလက်ထောက်ဝန်ကြီး Sudaryono က အစိုးရသည် လာမည့်ငါးနှစ်အတွင်း နွားအကောင်ရေ ၂ သန်းတင်သွင်းရန် စီစဉ်ထားကြောင်း ကြေညာခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်သည်ကလေးများနှင့်လူငယ်များအတွက် အစားအစာထောက်ပံ့မှုသိသိသာသာ မြင့်တက်လာစေသည့် တစ်နိုင်ငံလုံး အခမဲ့အာဟာရပြည့်ဝသော အစားအစာအစီအစဉ်ကို အကောင်အထည်ဖော်ရန် သမ္မတ Prabowo Subianto ၏ ပဏာမခြေလှမ်းနှင့်လည်း ကိုက်ညီကြောင်းသိရသည်။

**Source: Xinhua**

https://www.doca.gov.mm/

## STOCK EXCHANGE (19.6.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,352 (Shares) | 9,735,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,500 | -100 | -1.52% | 6,600 | 6,600 | 6,500 | 936 | 6,156,900 | 33,109,694 | 215,213 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 3,417 | 10,198,500 | 38,929,150 | 116,788 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 107 | 781,100 | 10,400,986 | 75,927 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 3,178 | 5,879,300 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 191 | 534,800 | 12,823,224 | 35,905 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,550 | 1,650 | 1,550 | 1,600 | 2,600,000 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 2 | 8,200 | 10,497,598 | 43,040 |
| MAEX | 00008 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 2,034 | 6,203,700 | 23,804,946 | 72,605 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 19th Jun. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 343.42 | +0.23 | +0.07% | 342.66 | 343.42 | 342.13 | 3,352 | 9,735,400 | 8 | 647,753 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 19th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 3,352 (Shares) | 9,735,400 (MMK) |

## Main Board

As of 1:00 pm, 19th Jun. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,352 (Shares) | 9,735,400 (MMK) |

| MYANPIX | 343.42 ▲ 0.23 |
|---|---|
| Total Volume (shares) | 3,352 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 647,753 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,500 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,000 | ▼ 100 |
| MAEX | 00008 | 3,050 | ▲ 0 |